# ရှမ်းပြည်နယ်လွှတ်တော်
## လွှတ်တော်သတင်းလွှာ
## Shan State Hluttaw Bulletin

၁၃၈၁ ခုနှစ် ၊ နယုန်လဆန်း ( ၈ ) ရက် ၊ ၁၀ . ၆ . ၂၀၁၉ ၊ အတွဲ( ၁ ) ၊ အ မှတ် ( ၁၆ )


## ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ကလော-တောင်ကြီးလမ်းအပိုင်း (၄)လမ်းသွား ကတ္တရာကွန်ကရိလမ်းဖွင့်ပွဲ အခမ်းအနားတက်ရောက်




ကလော-တောင်ကြီးလမ်းအပိုင်း (၄)လမ်းသွား ကတ္တရာကွန်ကရိလမ်းဖွင့်ပွဲ အခမ်းအနားကို ကလောတိုးဂိတ်၌ (၁. ၅. ၂၀၁၉) ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် အတူ တက်ရောက်ခဲ့ပါသည်။

---

## ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းဖွင့်ပွဲ အခမ်းအနားတက်ရောက်



အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းဖွင့်ပွဲ အခမ်းအနားကို ညောင်ရွှေမြို့ အခြေခံပညာအထက်တန်းကျောင်း (ခေါင်တိုင်)၌ (၁. ၅. ၂၀၁၉) ရက်နေ့တွင် ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ထာဝရငြိမ်းချမ်းရေးစေတီတော် အပူဇော်ခံ အခမ်းအနားတက်ရောက်



နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူသည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များအား အပူဇော်ခံ အခမ်းအနားကို တောင်ကြီးမြို့ ကျောက်တိုင်ကွင်း၌ (၁၀. ၅. ၂၀၁၉) ရက်နေ့တွင် ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် အတူ တက်ရောက်ပူဇော်ခဲ့ပါသည်။

---

# ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် (၇၃)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတက်ရောက်







(၇၃)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို တောင်ကြီးခရိုင်မီးသတ်စခန်း လေ့ကျင့်ရေးကွင်း၌ (၅. ၅. ၂၀၁၉) ရက်နေ့၊ နံနက်(၈)နာရီအချိန်တွင် ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် အတူ တက်ရောက်ခဲ့ပါသည်။

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကျင်းပ



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ (၂-၄-၂၀၁၉)ရက်နေ့မှ (၅-၄-၂၀၁၉)ရက်နေ့ထိ (၄)ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများတက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဟန်သီဦးတို့က ဆောင်ရွက်ပါသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၂၀)ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း(၄၈)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပြီး၊ အဆို(၃)ခု တင်သွင်းခဲ့ရာ အဆို(၂)ခုကို အတည်ပြုခဲ့ပြီး၊ အဆို(၁)ခုအား မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သည့် ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ရေးရာကော်မတီ (၁၀)ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာ ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။




## ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူ ဧည့်သည်တော်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး လိုရာကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပြီး မိမိတို့အား ဆန္ဒမဲပေး၍ ရွေးချယ်ထားသည့် မဲဆန္ဒရှင်များအပါအဝင် မိမိတို့ မြို့နယ်ရှိ ပြည်သူတစ်ရပ်လုံး၏ မျှော်လင့်ချက်နှင့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်နိုင်ကြပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သလိုက်ပါတယ်။

မိမိတို့ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးဟာ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးအသီးသီးက ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ရာ ပြည်နယ်လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ လည်းကောင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အဆိုတင်သွင်းခြင်း၊ မေးခွန်းများ မေးမြန်းခြင်းတို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရဲ့ စိစစ်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ မိမိအနေနဲ့ ဒီလိုစိစစ်ဆောင်ရွက်ရတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များကို ကျောသားရင်သားမခွဲခြားဘဲ ထိန်းကျောင်းခြင်းတာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)နှင့်အညီ ဆောင်ရွက်လျက်ရှိသလို မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း ကိစ္စနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၈ နှင့် ၁၀၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မတိမ်းမစောင်းအောင် ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေရေးဆွဲခြင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်းတို့အစီအစဉ်အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၉ - ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ မူလရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း လျာထားချက်များနှင့်အညီ လွှတ်တော်သို့ တင်သွင်းနိုင်ရန် ရည်ရွယ်ပြီး ဒီအစည်းအဝေးကို ခေါ်ယူကျင်းပရတာ ဖြစ်ပါတယ်။

၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရာမှာ ပြည်ထောင်စုရန်ပုံငွေမှ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေ၏ လိုငွေအတွက် ထောက်ပံ့ငွေကျပ်၂၂၅. ၂၈၀ ဘီလီယံနှင့် ရှမ်းပြည်နယ်၏ ရသင့်ရထိုက်သော

အခွန်အကောက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅)နှင့်အညီ အပြည့်အဝကောက်ခံရရှိတဲ့ငွေကျပ် ၄၄. ၃၀၅ ဘီလီယံပေါ် မူတည်၍ ပြည်သူလူထုကို ချက်ချင်းလက်ငင်း အသုံးပြုနိုင်သည့် အသုံးစရိတ် ကျပ် ၂၆၉. ၅၈၅ ဘီလီယံတို့ကို ဦးစားပေးသုံးစွဲရန် လျာထားကြောင်းတွေ့ရှိရပါတယ်။ အသုံးစရိတ်မှာ သာမန်အသုံးစရိတ် ကျပ် ၁၀၅. ၁၈၃ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၁၆၄. ၄၀၂ ဘီလီယံ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

သာမန်အသုံးစရိတ်လျာထားရာမှာ ဌာန၏ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျ စိစစ်ရေးဆွဲရန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ကို ဒေသလိုအပ်ချက်အရ စီမံကိန်းလျာထားချက်များကို ဦးစားပေးအဆင့် ခွဲခြားပြီး အညီအမျှ လျာထားပေးရန် လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးခွန်းများ မေးမြန်းတဲ့အခါမှာလည်းကောင်း၊ အဆိုများ တင်သွင်းတဲ့အခါမှာလည်းကောင်း သက်ဆိုင်ရာဝန်ကြီးက မေးခွန်းကို ဖြေကြားခြင်း သို့မဟုတ် အဆိုကို အကောင်အထည်ဖော်ပေးရန် ဆွေးနွေးခြင်း၊ အထူးသဖြင့် လွှတ်တော်က အတည်ပြုလိုက်သော အဆိုများဟာ အစိုးရရဲ့ ကတိကဝတ်များအဖြစ် သတ်မှတ်ပါတယ်။ ကတိကဝတ်များကို အစိုးရအဖွဲ့က ပြည်နယ်ဘတ်ဂျက်ထဲမှာ ထည့်သွင်းရမှာဖြစ်ပြီး ဒေသန္တရစီမံကိန်းရေးဆွဲစဉ် ပါဝင်ခြင်းမရှိပါက ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာနက သီးခြားထည့်သွင်းပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဘတ်ဂျက်နှင့်စပ်လျဉ်းပြီး ဘတ်ဂျက်သည် ဥပဒေကြမ်းဖြစ်၍ ဥပဒေတွင်ပါမှ ဘတ်ဂျက်ကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များက ဘတ်ဂျက်များကို စနစ်တကျ စိစစ်ဆောင်ရွက်ဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၆၂ အရ လွှတ်တော်ရေးရာ ကော်မတီ ၁၀ ခုကို လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၈၄ ဦးဖြင့် ဖွဲ့စည်းထားပါတယ်။ ဒီလိုဖွဲ့စည်းတဲ့နေရာမှာ ပါတီအဖွဲ့အစည်း ပေါင်းစုံပါဝင်အောင် (ALL Inclusive) ဖြစ်အောင် ဖွဲ့စည်းထားခဲ့ပါတယ်။ တာဝန်ကို စုပေါင်းခေါင်းဆောင်၊ စုပေါင်းဆောင်ရွက်နိုင်အောင်လည်း စီစဉ်ပေးနိုင်ခဲ့ပါတယ်။ လုပ်ငန်းများဆောင်ရွက်ရာမှာ တစ်ဦးချင်းဆောင်ရွက်သည်ထက် အများစုပေါင်းဆောင်ရွက်ပါက ပိုမိုထိရောက်အောင်မြင်ပြီး ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားနိုင်တဲ့အတွက် ရလဒ်ကောင်းများ ရရှိစေနိုင်မှာ ဖြစ်ပါတယ်။

ကော်မတီရဲ့ သက်တမ်းတစ်နှစ်ပြည့်မြောက်တဲ့အခါမှာ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို အစားထိုးလဲလှယ်ရန် တာဝန်ပေးအပ်နိုင်သည်ဟု လွှတ်တော်ဥက္ကဋ္ဌအား အပ်နှင်းထားသလို လိုအပ်ချက်အရ ထပ်မံ(ထပ်မံ)၍ သက်တမ်းကိုလည်း တိုးနိုင်တယ်လို့ မှတ်ယူပါတယ်။

ဒီကနေ့ထိ ကော်မတီဝင်များအနေနဲ့ မိမိတို့လက်ရှိတာဝန်ယူနေတဲ့ ကော်မတီတာဝန်များကို တာဝန်ကျေပွန်စွာဖြင့် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြပြီး လွှတ်တော်ကို ကိုယ်စားပြုနိုင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဖွဲ့စည်းထားတဲ့ ကော်မတီများကို မှတ်တမ်းတင်ပါကြောင်းပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအစည်းအဝေးမှာ ယခင်လွှတ်တော် အစည်းအဝေးက ဖြေဆိုရန် ကျန်ခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်း (၃)ခုအပါအဝင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၂၃)ဦးတို့က ကြယ်ပွင့်ပြ မေးခွန်းပေါင်း(၅၁)ခုကို မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ အဆိုအနေနဲ့ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးတို့က ပေးပို့ထားတဲ့ အဆိုကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းက ပြန်ကြားချက် အပေါ် မူတည်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တင်သွင်းတဲ့ အဆိုများ၊ ဥပဒေကြမ်းများနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြတဲ့အခါမှာ ပြည်နယ်လွှတ်တော်အကျိုးအတွက် မျှမျှတတဖြစ်စေဖို့ လိုအပ်ပါတယ်။ ပြည်သူများရဲ့အကျိုးစီးပွား ကင်းလွတ်ပြီး မိမိအကျိုးစီးပွားအတွက် ဝါဒစွဲ၊ ဆန္ဒစွဲ၊ အတ္တစွဲ၊ အာဃာတစွဲ မထားရှိဘဲ ဒီမိုကရေစီ အလေ့အကျင့်များနှင့်အညီ ဆောင်ရွက်နိုင်ကြပါစေ။ ယနေ့အချိန်အခါမှာ ပြည်သူလူထုအတွင်း အသံကြားနေရပြီး ပြည်ထောင်စုလွှတ်တော်မှာလည်း ဆွေးနွေးဆဲဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၂)မှာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်တဲ့ အခွင့်အရေးလည်းပေးထားပြီးဖြစ်ပါတယ်။ မတူညီတဲ့ သဘောထားအမြင်တွေရှိကြမှာ ဖြစ်သော်လည်းပဲ တိုင်းပြည်ရဲ့အကျိုးစီးပွားအတွက် တူညီတဲ့ကိစ္စရပ်တွေမှာ ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုပြောကြားရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

# ရှမ်းပြည်နယ်အတွင်း “ဘိန်း”စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်စေရေးအတွက် ထိရောက်သောစီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်စေရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်း



မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲက အဆိုတင်သွင်းနေစဉ်



ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးလှဦးက အဆိုအား ရှင်းလင်းဆွေးနွေးနေစဉ်

မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲ တင်သွင်းသော “ရှမ်းပြည်နယ်အတွင်း “ဘိန်း” စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်စေရေးအတွက် ထိရောက်သော စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်စေရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း” အဆိုကို သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းတို့မှ အသီးသီးဆွေးနွေးခဲ့ကြပြီး၊ အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးလှဦးက အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ယင်းနောက် အဆိုရှင်က ၎င်း၏အဆိုနှင့် ပတ်သက်၍ အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပြီး စက်ခလုတ်နှိပ်မဲစနစ်ဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသဖြင့် ယင်းအဆိုအား အတည်ပြုကြောင်း ရှမ်းပြည်နယ်လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။



ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးက အဆိုအား ဆွေးနွေးနေစဉ်



မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းက အဆိုအား ဆွေးနွေးနေစဉ်

# ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၏ ပင်စင်လစာ၊ စရိတ်ချီးမြှင့်ငွေများကို ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၆၅တွင် ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် ပြည်သူများမှ ထမ်းဆောင်သော အခွန်အခများဖြစ်သဖြင့် ပြည်သူများ၏ အကျိုး၊ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အဆိုပါ ဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲသည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပြီး၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု တာဝန်ယူထားသည့် ဌာနဖြစ်သည့်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲ ကျခံသုံးစွဲပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း အဆိုအား တင်သွင်းခြင်း



မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းက အဆိုတင်သွင်းနေစဉ်



ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီးက အဆိုအား ရှင်းလင်းဆွေးနွေးနေစဉ်

မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းက " ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၏ ပင်စင်လစာ၊ စရိတ်ချီးမြှင့်ငွေများကို ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေ ပုဒ်မ ၆၅တွင် ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် ပြည်သူများမှ ထမ်းဆောင်သော အခွန်အခများဖြစ်သဖြင့် ပြည်သူများ၏အကျိုး၊ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် အဆိုပါ ဝန်ထမ်းများ၏ ပင်စင်၊ လစာ၊ စရိတ်ချီးမြှင့်ငွေများကို ပြည်နယ်အစိုးရအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲသည့် ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပြီး၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု တာဝန်ယူထားသည့် ဌာနဖြစ်သည့်အတွက် ပြည်နယ်ဘတ်ဂျက်မှ နှစ်စဉ်ထည့်သွင်းရေးဆွဲ ကျခံသုံးစွဲပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်း၊ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်တို့မှ အသီးသီးဆွေးနွေးခဲ့ကြပြီး၊ အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးဦးစိုးညွန့်လွင်က အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ယင်းနောက် အဆိုရှင်က ၎င်း၏အဆိုနှင့် ပတ်သက်၍ အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပြီး စက်ခလုတ်နှိပ်မဲစနစ်ဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်မဲများသဖြင့် ယင်းအဆိုအား မှတ်တမ်းတင်ကြောင်း ရှမ်းပြည်နယ်လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

# ဥပဒေနှင့် အညီတင်သွင်းထားသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း အရေးတကြီးအဆိုအား တင်သွင်းခြင်း



မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းက အဆိုတင်သွင်းနေစဉ်



မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းက အဆိုအား ရှင်းလင်းဆွေးနွေးနေစဉ်

မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း တင်သွင်းသော " ဥပဒေနှင့် အညီ တင်သွင်းထားသော ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေကြမ်းအား ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း" အရေးတကြီးအဆိုကို နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းမှ အဆိုအား ကြိုဆိုကြောင်းဆွေးနွေးခြင်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်မှ ထောက်ခံဆွေးနွေးခြင်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးတေဇာအောင်မှ လေးလေးနက်နက် ထောက်ခံဆွေးနွေးခြင်း၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်မှ အဆိုအား မှတ်တမ်းအဖြစ် ထားသင့်ပါကြောင်းဆွေးနွေးခြင်း၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှဆန်းမှ ထောက်ခံဆွေးနွေးခြင်း၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းမှ မှတ်တမ်းအဖြစ်ထားသင့်ပါကြောင်း ဆွေးနွေးခြင်းနှင့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော်နိုင်မှ လေးလေးနက်နက် ထောက်ခံဆွေးနွေးခြင်း စသည်ဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး စက်ခလုတ်နှိပ် မဲစနစ်ဖြင့် လွှတ်တော်၏ အဆုံးဖြတ်ရယူရာ ထောက်ခံမဲများသဖြင့် ယင်းအဆိုအား အတည်ပြုကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာပါသည်။



ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှဆန်းက အဆိုအားဆွေးနွေးနေစဉ်



တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော်နိုင် (ကြည်-၄၀၂၄၈)က အဆိုအား ဆွေးနွေးနေစဉ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှုနှင့် ဖြေကြားမှုများ ဆောင်ရွက်နေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၂၀)ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း(၄၈)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ကျေးသီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးခင်မောင်ညွန့်က ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးလှဦးက ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးစိုင်းစံထွန်းက ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းက ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်းက ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းလုံကျော်က ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်

# ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီးက ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့)တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးညွန့်လွင် (ခ)ဦးစိုးကြီးက ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် အတွက် အရအသုံးခန့်မှန်းခြေ ငွေစာရင်းအား ရှမ်းပြည်နယ် လွှတ်တော်သို့ အောက်ပါအတိုင်း တင်သွင်းခဲ့ပါသည်-

ယနေ့အစည်းအဝေးမှာ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများရဲ့ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်၊ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေး အတွက် တင်ပြလိုပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ အကြောင်းကြားချက်အရ ပြည်ထောင်စုမှ ထောက်ပံ့ငွေ ကျပ်(၂၂၅. ၂၈) ဘီလီယံ ရရှိပြီးတော့ အခွန်ဝေစု ခွဲဝေရငွေကတော့ ကျပ်(၁၂. ၂၅၅)ဘီလီယံ ဖြစ်ပါတယ်။ အဲ့ဒီဘောင်အတွင်းမှာ စီမံကိန်းကို ဝင်အောင်ရေးဆွဲရမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ (၁-၃-၂၀၁၉ မှ ၁၂-၃-၂၀၁၉) ရက်နေ့များမှာ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများရဲ့သာမန်အသုံးစရိတ်များကို စိစစ်ဖြတ်တောက်ခဲ့ပါတယ်။ အဲ့ဒီနောက်မှာတော့ (၁၃-၃-၂၀၁၉) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနဲ့ဌာနဆိုင်ရာ တာဝန်ရှိသူများတွေ့ဆုံပြီး ဝန်ကြီးဌာနအလိုက် ငွေလုံးငွေရင်းအသုံးစရိတ်ဘောင် သတ်မှတ်ရေးနဲ့ပတ်သက်ပြီးတော့ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။

ယခုရေးဆွဲထားတဲ့ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ အခွန်အကောက်ရငွေကတော့ ကျပ် ၃၄၃၃. ၉၅၇ သန်း၊ အခွန်ဝေစုခွဲဝေရငွေ ကျပ် ၁၂၂၅၅. ၆၅၉ သန်း၊ အခြားသာမန်ရငွေ ကျပ် ၂၈၆၁၆. ၀၇၃ သန်း၊ ငွေလုံးငွေရင်းရငွေ ကျပ် ၀. ၀၂ သန်းနဲ့ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေကျပ် ၂၂၅၂၈၀. ၇၈၂သန်း၊ စုစုပေါင်းရငွေ ကျပ် ၂၆၉၅၈၆. ၄၉၁ သန်း ရရှိမှာဖြစ်ပါတယ်။ သာမန်အသုံးစရိတ်ကိုတော့ ကျပ် ၁၀၅၁၈၃. ၉၄၉ သန်းနဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၆၄၄၀၂. ၅၄၂ သန်း၊ စုစုပေါင်းကျပ်၂၆၉၅၈၆. ၄၉၁ သန်း သုံးစွဲရန် လျာထားပါတယ်။ သာမန်အသုံးစရိတ်မှာတော့ လစာနှင့် စရိတ်ချိုးမြှင့်ငွေ ၃၇. ၇၂ ရာခိုင်နှုန်း၊ ထောက်ပံ့ငွေ အသုံးစရိတ် ၄. ၇၇ ရာခိုင်နှုန်း၊ အခြားအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ် ၅၇. ၅၁ ရာခိုင်နှုန်း သုံးစွဲရန်လျာထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်တွင် ဆောက်လုပ်ရေး လုပ်ငန်းများအတွက် (ဒေသဖွံ့ဖြိုးရေး အပါအဝင်) ၉၇. ၃၃ ရာခိုင်နှုန်း၊ စက်ကိရိယာ၊ ပရိဘောဂနဲ့ ယာဉ် ၁. ၈၀ ရာခိုင်နှုန်း၊ အခြားလုပ်ငန်းများသုံးစွဲရန် ၀. ၈၇ ရာခိုင်နှုန်းစသည်ဖြင့် အသီးသီးလျာထားပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ လစာစရိတ်နှင့် အခြားအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်များပါဝင်သော သာမန်အသုံးစရိတ်ကို ဦးစားပေးစိစစ် တွက်ချက်ရေးဆွဲပြီး ကျန်ငွေများမှ ပြည်သူကို တိုက်ရိုက်အကျိုးပြုစေမည့် ဥပမာ- လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ဆည်မြောင်းတာတမံ၊ ရေကန်၊ ရေနုတ်မြောင်းများ တူးဖော်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ လမ်းတံတားလုပ်ငန်းများ၊ မြို့ပြဖွံ့ဖြိုးမှု လုပ်ငန်းများ၊

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့ ဌာန/အဖွဲ့အစည်းများဖြစ်ကြသော ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးရုံး၊ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ညောင်ရွှေ ပြတိုက်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနနဲ့ စည်ပင်သာယာရေးဌာန စတဲ့အဖွဲ့များရဲ့ငွေလုံးငွေရင်း အသုံးစရိတ်များ အသေးစိတ် များကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါကြောင့် ယခုတင်ပြတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၉- ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။



လေ့လာသူများမှ အစည်းအဝေးသို့ လာရောက်လေ့လာနေစဉ်



လေ့လာသူများမှ အစည်းအဝေးသို့ လာရောက်လေ့လာနေစဉ်

**လွှတ်တော်ဆောင်ပုဒ်**

ပြည်သူ့အသံ . . . .
လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ . . . .
လွှတ်တော်ဆန္ဒ

ပြည်သူတို့ မျှော်လင့်ချက် . . . .
လွှတ်တော်ကဖော်ဆောင်ရွက်

**ဒီမိုကရေစီဖော်ဆောင်ရေး လူငယ်များ ဝိုင်းဝန်းဆောင်ရွက်ပေး**



မီဒီယာများမှ မီဒီယာခန်းတွင် လာရောက်သတင်းယူနေစဉ်

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ တင်ပြခြင်း




ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) (၂ . ၄ . ၂၀၁၉)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများအပေါ် နည်းဥပဒေ ပုဒ်မ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၂. ၄. ၂၀၁၉)ရက်နေ့၊ (၃. ၄. ၂၀၁၉)ရက်နေ့နှင့် (၄. ၄ . ၂၀၁၉) ရက်နေ့တို့တွင် ဌာန/အဖွဲ့အစည်း (၂၆)ခုတို့နှင့် တွေ့ဆုံဆွေးနွေးကာ နည်းဥပဒေ ပုဒ်မ ၆၆ နှင့်အညီ အစီရင်ခံစာ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ အစီရင်ခံစာမှာ လေ့လာတွေ့ရှိချက်အနေနဲ့ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း တွင် သာမန်ရငွေ ဗဟိုအဖွဲ့အစည်း (၅)ခုအတွက် ကျပ် ၂၀,၉၇၀. ၁၂၉ သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအောက်ရှိ ဌာန(၂၀) အတွက် သာမန်ရငွေကျပ် ၂,၇၉၅. ၂၃၆ သန်း၊ စည်ပင်သာယာရေးအဖွဲ့အတွက် ကျပ် ၂၀,၅၄၀. ၃၂၄ သန်း၊ စုစုပေါင်း ကျပ် ၄၄,၃၀၅. ၆၈၉ သန်း၊ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ ကျပ် ၂၂၅,၂၈၀. ၇၈၂ သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း ၂၆၉,၅၈၆. ၄၇၁ သန်းရရှိရန် လျာထားသည်ကို တွေ့ရှိရတာ ဖြစ်ပါတယ်။

၂၀၁၉ - ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း သာမန်သုံးငွေ ဗဟိုအဖွဲ့အစည်း(၅)ခုအတွက် ကျပ် ၁၇,၀၂၃. ၂၀၁ သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအောက်ရှိ ဌာန(၂၀)ခုအတွက် ကျပ် ၇၉,၄၃၇. ၁၁၃ သန်း၊ ကုန်တင်ကုန်ချကော်မတီရုံးအတွက် ကျပ် ၁၉. ၉၄၆ သန်း၊ စည်ပင်သာယာရေးအဖွဲ့အတွက် ကျပ် ၈,၇၀၃. ၆၈၉ သန်း သုံးစွဲရန်၊ စုစုပေါင်း ကျပ်သန်းပေါင်း ၁၀၅,၁၈၃. ၉၄၉ သန်း သုံးစွဲရန် လျာထားချက်ကိုတွေ့ရှိရတာ ဖြစ်ပါတယ်။

၂၀၁၉ - ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် ငွေလုံးငွေရင်းရငွေမှ စည်ပင်သာယာရေးအဖွဲ့အတွက် ကျပ် ဝ. ဝ၂ သန်း ရရှိရန်လျာထားသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ ၂၀၁၉ - ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ

ငွေစာရင်းတွင် ငွေလုံးငွေရင်းသုံးငွေမှာ ဗဟိုအဖွဲ့အစည်း(၅)ခုအတွက် ကျပ် ၃၈,၅၈၉. ၈၇၆ သန်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းအောက်ရှိ ဌာန(၂၀)ခုအတွက် ကျပ် ၁၁၀,၃၇၆. ၀၁၁ သန်း၊ စည်ပင်သာယာရေး အဖွဲ့အတွက် ကျပ် ၁၅,၄၃၆. ၆၅၅ သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း ၁၆၄,၄၀၂. ၅၄၂ သန်း သုံးစွဲရန်လျာထားချက်ကို တွေ့ရှိရမှာပဲ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက အောက်ပါအတိုင်း တွေ့ရှိရမှာ ဖြစ်ပါတယ်-

ရငွေများမှာဆိုရင် ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၄၅,၄၂၀. ၉၁၄ သန်းနဲ့ ၂၀၁၉ - ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်မှာဆိုလို့ရှိရင် ကျပ်သန်းပေါင်း ၄၄,၃၀၅. ၆၈၉ သန်း ရရှိတာတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီဘဏ္ဍာရေးနှစ်မှာ လျော့နည်းနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ငွေလုံးငွေရင်းဆိုလို့ရှိရင်လည်း ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်မှာကျပ် ၀. ၀၂၀ သန်း ရရှိခဲ့ပြီး၊ ၂၀၁၉ - ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်း ကျပ် ၄၄,၃၀၅. ၇၀၉ သန်း ရရှိတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ သုံးငွေများမှာဆိုလို့ရှိရင် သာမန်မှာ ကျပ် ၁၀၃,၇၃၆. ၈၈၃ သန်းကို ၂၀၁၈-၂၀၁၉ မှာ သုံးစွဲခဲ့ပြီးတော့ ၂၀၁၉-၂၀၂၀ မှာ ကျပ် ၁၀၅,၁၈၃. ၉၄၉ သန်းကို ပိုမိုသုံးစွဲတာ ကိုလည်းတွေ့ရမှာ ဖြစ်ပါတယ်။ ငွေလုံးငွေရင်းမှာဆိုလို့ရှိရင်လည်း ကျပ် ၁၆၅,၇၇၄. ၈၁၃ သန်းကို ၂၀၁၈-၂၀၁၉ ဘတ်ဂျက်နှစ်မှာ သုံးစွဲခဲ့ပြီးတော့ ၂၀၁၉-၂၀၂၀ မှာ ကျပ် ၁၆၄,၄၀၂. ၅၄၂ သန်းကို သုံးစွဲတာတွေ့ရမှာ ဖြစ်ပါတယ်။

ရငွေတွင် ကျပ် ၁,၁၁၅. ၂၀၅ သန်း လျော့နည်းလာပြီး အသုံးစရိတ်တွင် ကျပ် ၇၄. ၇၉၅ သန်း တိုးလာကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ထို့ကြောင့် ဘတ်ဂျက်လိုငွေတွင် ယခင်နှစ်ကထက် ကျပ် ၁၁၉၀ သန်း တိုးလာကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ပြည်ထောင်စုမှ ထောက်ပံ့ငွေမှ ရငွေ ကျပ် ၂၂၅,၂၈၀. ၇၈၂ သန်း ဖြစ်သည်ကိုလည်း တွေ့ရှိရမှာပဲ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း လျာထားတောင်းခံမှုအပေါ် အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါတယ်-

လူထုအကျိုးပြုဦးစီးဌာနများအတွက် ဘတ်ဂျက်ခွဲဝေမှုမှာ နည်းနေသည့်အတွက် အကျိုးပြုလုပ်ငန်းများနှင့် လွှတ်တော်၏ ကတိကဝတ်များ အနည်းငယ်မျှသာ ပါဝင်နိုင်ခြင်းကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ မဟာဓာတ်အားလိုင်း မရောက်သေးသည့် မြို့နယ်များအတွက် လျာထားခြင်းမရှိသဖြင့် လျော့နည်းနေတာကိုလည်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဌာနအတွင်း အလျှုံအတန်းကိစ္စရပ်များတွင်လည်း ဘတ်ဂျတ်လျာထား တောင်းခံထားခြင်းကိုလည်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ စက်ပစ္စည်းကိရိယာများ ပြင်ဆင်ခြင်း၊ ဝန်ထမ်းခန့်အပ်ခြင်း၊ ခွဲဝေချထားမှုများတွင် အသေးစိတ်စာရင်းမပါရှိခြင်းကိုလည်း တွေ့ရှိရတာလည်း ဖြစ်ပါတယ်။ မော်တော်ဆိုင်ကယ်၊ ရုံးသုံးပရိဘောဂများနှင့် စက်ပစ္စည်းများ အစိုးရ၏အစီအစဉ်ဖြင့် မူဘောင်ရေးဆွဲ၍ သတ်မှတ်ဈေးနှုန်း တစ်ပြေးညီ မဖြစ်နေခြင်းကိုတွေ့ရှိရမှာလည်း ဖြစ်ပါတယ်။ ဌာနတွင်း ဆောက်လုပ်ရေးအပိုင်းများကိုသာ ဦးစားပေး တောင်းခံထားတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဘတ်ဂျက်ခွဲဝေရာတွင် မြို့နယ်စီမံကိန်းများ၏ အဆိုပြုချက်များကို အလေးထားထည့်သွင်းမှု မရှိတာကိုလည်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြ/မပြမေးခွန်းများကို ထည့်သွင်းထားခြင်းမရှိဘဲ ခရီးစဉ်များ၏ စီမံကိန်းများသာ ပိုမိုလျာထားတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ခန့်အပ်ထားမှုမရှိသေးသောဝန်ထမ်းများ၊ နေ့စားများ၏ လစာများကို တင်ပြတောင်းခံထားခြင်းကိုလည်း တွေ့ရှိရတာဖြစ်ပါတယ်။ ထင်းရှူးမြိုင်အိမ်ရာအား ဝန်ထမ်းအိမ်ရာအဖြစ် လျာထားတောင်းခံထားပြီး မြို့ကြီးများကိုသာ စီမံကိန်းများစွာ ဦးစားပေးလျာထားတာကို တွေ့ရှိရပြီးတော့ ဖွံ့ဖြိုးတိုးတက်လာနိုင်သော မြို့၊ ကျေးရွာများကိုလည်း ဦးစားပေးလျာထားချက် မရှိတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာအဖြစ် အိမ်ရာများဝယ်ယူမည့်အစား ဌာနပိုင် ရုံးအဆောက်အဦများသာ တောင်းခံသင့်ကြောင်းကိုလည်း တွေ့ရှိထားပါတယ်။

စိစစ်ချက်အရ တွေ့ရှိချက်လုပ်ငန်းများမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်း(၉)ခုမှ လျှော့ချငွေ ကျပ် ၃၃၁၃. ၄၅၁ သန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်း(၂၄)ခုမှ လျှော့ချငွေ ကျပ် ၈၀၆. ၀၈၇ သန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ လုပ်ငန်း(၂)ခုမှ လျှော့ချငွေ ကျပ် ၄၈. ၃၅၅ သန်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ လုပ်ငန်း (၁)ခုမှ လျှော့ချငွေ ကျပ် ၅. ၀၀၀ သန်း၊ စုစုပေါင်း ကျပ် ၄၁၇၂. ၈၉၃ သန်း စိစစ်လျှော့ချခဲ့ပါတယ်။

စိစစ်လျှော့ချငွေများကို မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွက် ကျပ် ၅၄၀ သန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက် ကျပ် ၄၆၀ သန်း၊ စုစုပေါင်းကျပ် သန်း ၁၀၀၀၊ ကျေးလက်လမ်းဦးစီးဌာနမှ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွက် ကျပ် ၄၁၀ သန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွက် ကျပ် ၃၄၀ သန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွက် ကျပ် ၂၅၀ သန်း၊ စုစုပေါင်း ကျပ် ၁၀၀၀ သန်း၊ လမ်းဦးစီးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် ကျပ် ၆၁၅ သန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွက် ကျပ် ၅၀၀ သန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွက် ကျပ် ၅၀၀ သန်း၊ စုစုပေါင်း ကျပ် ၁၆၁၅ သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် ကျပ် ၂၂၅ သန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွက် ကျပ်၂၂၅ သန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွက် ကျပ် ၁၀၇. ၈၉၃ သန်း၊ ကျပ်သန်းပေါင်း ၅၅၇. ၈၉၃ သန်း စသည့် လူထုအား တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်းများအတွက် စုစုပေါင်း ကျပ် ၄၁၇၂. ၈၉၃ သန်း ထပ်တိုးလျာထား ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ လုပ်ငန်းပမာဏပြောင်းလဲမှုအနေဖြင့် လမ်းဦးစီးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း) လမ်း(၁)လမ်း၊ မူလကျပ် ၃၀၈. ၀၀၀ သန်း လျာထားမှုကို ကျပ် ၅၆. ၀၀၀ သန်းသာ လျှော့ချလျာထားပြီး အခြားလမ်း(၁)ခုကို မူလ ကျပ် ၆၅. ၀၀၀ သန်း လျာထားရာမှ ကျပ် ၃၁၇. ၀၀၀ သန်းအဖြစ် တိုးမြှင့် လျာထားခဲ့ပါတယ်။

အကြံပြုချက်အနေဖြင့်တော့ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီအနေဖြင့် အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါတယ်-

(က) ဌာနဆိုင်ရာအားလုံး မြေပြင်တွင် အသုံးပြုခြင်းမရှိသည့် ဌာနဆိုင်ရာယာဉ်များကို ကွင်းဆင်းစိစစ်၍ သုံးစွဲရန် မသင့်လျော်သည့် ယာဉ်များကို ကောင်း၊ သင့်၊ ညံ့အဆင့် သတ်မှတ်ပြီးမှ ပြင်ဆင်စရိတ်များ၊ စက်သုံးဆီများ တင်ပြတောင်းခံသွားရန်၊

( ခ) ဌာနဆိုင်ရာအားလုံး ဆောက်လုပ်ရေးစီမံကိန်းများကို လျှော့ချပြီး ပြည်သူလူထုကို အကျိုးပြုသည့်လုပ်ငန်းများ ကို ဦးစားပေးထည့်သွင်းလျာထား ဆောင်ရွက်ပေးရန်၊

( ဂ) ဌာနဆိုင်ရာအားလုံး ဆောက်လုပ်ရေးလုပ်ငန်းများကို လျှော့ချပြီး ဝန်ထမ်းအင်အား လိုအပ်ပါက တိုးချဲ့ခန့် ထားနိုင်ရေး စီမံဆောင်ရွက်ပေးရန်၊

(ဃ) စက်ပစ္စည်းပြင်ဆင်စရိတ်များ ဥပမာ-မော်တော်ယာဉ်၊ ကွန်ပျူတာ စသည်များကို အမှန်တကယ် လိုအပ်ချက် များကို တွက်ချက်တောင်းခံရန်၊

( င) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ထင်းရှူးမြိုင်အိမ်ရာ ဝယ်ယူခြင်းကို ပယ်ဖျက်ပြီး ဌာနမှ မိမိ အစီအစဉ်ဖြင့် ဆောက်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်၊

( စ) သစ်တောဦးစီးဌာနအနေဖြင့် ကြိုးဝိုင်းနယ်နိမိတ်ကို ခြံစည်းရိုးကာရံခြင်းမပြုဘဲ ကုန်ကျစရိတ် သက်သာစေရေး ဘုတ်တိုင်သာ စိုက်ထူရန်၊

(ဆ) သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ၊ သုတေသန လုပ်ငန်းများ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပံ့ပိုးဆောင်ရွက်ပေးရန်၊

( ဇ) အရအသုံးခန့်မှန်းခြေငွေစာရင်းကို ကော်မတီမှ အသေးစိတ်စိစစ်နိုင်ရန်အတွက် လွှတ်တော်အစည်းအဝေး များ မစတင်မီ (၁၅)ရက် ကြိုတင်ပေးပို့ဆောင်ရွက်သွားရန်၊

( ဈ) ကော်မတီအစည်းအဝေးသို့ ဌာနဆိုင်ရာများမှအဆုံးအဖြတ်ပေးနိုင်မည့် ဌာနအကြီးအကဲများသာတက်ရောက် ဆွေးနွေးနိုင်ရေးဆောင်ရွက်ရန်၊

(ည) ကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်များအတိုင်း ဌာနဆိုင်ရာများမှစာရင်းဇယားများကို တိကျမှန်ကန်စွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တွန်းအားပေးရန်၊

( ဋ) ပြည်သူ့ဘဏ္ဍာငွေဖြစ်သည်နှင့်အညီ အလျှုအတန်းကိစ္စရပ်များကို မိမိတို့ဌာန၏ အစီအစဉ်ဖြင့် ဆောင်ရွက် ပေးရန်၊

( ဌ) ဆောက်လုပ်ရေးလုပ်ငန်း လုပ်ဆောင်နေသည့်ဌာနများအနေဖြင့် အသေးစိတ်တွက်ချက်မှုပုံစံများကို ပွင့်လင်း မြင်သာစွာချပြရန်၊ (ဥပမာ - မြေသား၊ ကျောက်ချောလမ်း၊ ကတ္တရာ၊ ဖာလုံ၊ မိုင်၊ ကျသင့်ငွေ)ကို တိတိကျကျ ဖော်ပြပေးရန်၊

( ဍ) မဟာဓာတ်အားလိုင်းမရောက်သေးသည့် ဒေသအတွက် မဟာဓာတ်အားလိုင်းရောက်ရှိရေး အစိုးရမှရည်မှန်း ချက် တစ်ရပ်အဖြစ် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ပေးရန်၊

( ဎ) ဌာနအလိုက် သင်တန်းအသုံးစရိတ်များ ဘဏ္ဍာငွေတင်ပြတောင်းခံရာတွင် အသေးစိတ်ခန့်မှန်းတွက်ချက်မှု များ ပူးတွဲတင်ပြတောင်းခံရန်၊

(ဏ) ဌာနအလိုက်ဘတ်ဂျက်ခွဲဝေချထားမှုတွင်ပြည်သူ့အကျိုးတိုက်ရိုက် ဆောင်ရွက်ပေးမှုမရှိသော ဌာန၏ အသုံး စရိတ်များ လျှော့ချပြီး လူထုအား တိုက်ရိုက်အကျိုးပြုသည့် လိုအပ်ချက်များစွာရှိသည့် ဌာနများကို ပိုမိုခွဲဝေ ချထားပေးသင့်ပါကြောင်း၊

(တ) သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံးတို့မှလည်း မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ဘတ်ဂျက်ရရှိ အသုံးပြုမှုများကို စိစစ်၍တွေ့ရှိချက်များကို အမှန်အတိုင်း တင်ပြပေးရန်။

ကော်မတီအနေနဲ့ သုံးသပ်ချက်များကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ကျေးလက်လမ်းဦးစီးဌာနအနေဖြင့် တစ်မြို့နယ်လျှင် လမ်းတစ်လမ်းစီ ညီတူညီမျှ ခွဲဝေချထား ပေးထားသည်ကို တွေ့ရှိရပြီး ခွဲဝေရာတွင်လည်း နီးစပ်သည့် ပမာဏဖြစ်စေရန် ခွဲဝေထားကြောင်း၊ ဘတ်ဂျက်စိစစ်ရေးတွင် လွယ်ကူအောင် ဌာနဆိုင်ရာအားလုံး၏ အနှစ်ချုပ်စာအုပ်ကို တင်ပြပေးသည့်အတွက် စိစစ်ရေးတွင် လွယ်ကူ ချောမွေ့စေသည်ဟု သုံးသပ်မိပါတယ်။

( ခ) ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငွေလုံးငွေရင်းလုပ်ငန်းများတွင် လုပ်ငန်းတစ်ခုချင်းအလိုက် ခန့်မှန်းကုန်ကျငွေတွက်ချက်မှုအား ဒေသန္တရ ပေါက်ဈေးများဖြင့် တွက်ချက်တင်ပြရန် လိုအပ်ကြောင်းသုံးသပ် တွေ့ရှိရပါတယ်။

( ဂ) ဌာနအလိုက် တင်ပြလာသည့် စီမံကိန်းလုပ်ငန်းများအတွက် ဘဏ္ဍာငွေတောင်းခံရာတွင် စီမံကိန်းလုပ်ငန်း တစ်ခုလုံး၏ လုပ်ငန်းပမာဏ၊ ခန့်မှန်းကုန်ကျငွေ၊ အကျိုးဖြစ်ထွန်းနိုင်မှု၊ အာမခံသက်တမ်းတို့အား ရှင်းလင်းစွာ ဖော်ပြ၍ ပြည့်စုံစွာတောင်းခံသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီမှ ရှမ်းပြည်နယ် အစိုးရအဖွဲ့က တင်သွင်းလာသည့် ၂၀၁၉-၂၀၂၀၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းအား စိစစ်ခြင်း၊ ဖြတ်တောက်ခြင်း၊ လျှော့ချခြင်းများ ပြုပြင်ပြီး ဖြစ်ပါသဖြင့် အဆိုပြုငွေ ကျပ် ၂၆၉,၅၈၆. ၄၉၁ သန်းအား ကော်မတီမှ စိစစ်တွေ့ရှိချက်များအတိုင်း ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

# ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခြင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ဧပြီလ (၂) ရက်နေ့မှ (၅) ရက်နေ့အထိ (၄)ရက် ကျင်းပခဲ့ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းဟာ (၃)နှစ်ကျော်လာပြီ ဖြစ်တဲ့အတွက် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် ခိုင်မာတဲ့ ဥပဒေပြုမဏ္ဍိုင်တစ်ရပ်ဖြစ်လာဖို့ လိုအပ်ချက်၊ အားနည်းချက်တွေကို ပြုပြင်ပြီး ယခုထက်ပိုမို ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ဥပဒေပြုလွှတ်တော်များဟာ ဒီမိုကရေစီရဲ့ အခြေခံအုတ်မြစ်ဖြစ်သလို လွှတ်တော်များ ခိုင်မာအားကောင်းလာတာနဲ့အမျှ ပြည်သူကိုဗဟိုပြုမှုနဲ့အတူ အခြားသော မဏ္ဍိုင်များနဲ့အပြန်အလှန် ထိန်းကျောင်းနိုင်မှာပဲ ဖြစ်ပါတယ်။ ယခုအခါ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း ကဏ္ဍမှာ အရေအတွက်အားဖြင့် များပြားလာပါတယ်။ သို့သော်လည်းပဲ အချို့မေးခွန်းနှင့် အဆိုများဟာ ကန့်သတ်ထားတဲ့ စည်းကမ်းချက်များနဲ့ ညီညွတ်ဖို့ လိုသေးကြောင်းလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ယခု (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သည့် ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၂၀)ဦးရဲ့ ကြယ်ပွင့်ပြ မေးခွန်းပေါင်း (၄၈)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ အဆိုအနေနဲ့ အဆို(၂)ခု အတည်ပြုခြင်း၊ အဆို(၁)ခုအား မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူတို့၏ တင်ပြစာနှင့် တိုင်ကြားစာများအရ ရေးရာ ကော်မတီများက ကွင်းဆင်းဆောင်ရွက်လျက်ရှိရာမှာ မှတ်တမ်းများအရ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ယခုဧပြီလ ၁ ရက်နေ့အထိ ရေးရာကော်မတီ(၂)ခုမှ ပူးပေါင်းပြီး (၁)ကြိမ်ကွင်းဆင်းဆောင်ရွက်ခဲ့ပါကြောင်းတွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဖြင့် ပူးပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်များ၊

ရုံးဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနဲ့အခု (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကြားကာလမှာ အလုပ်ရုံဆွေးနွေးပွဲများကို (EMReF, Asia Foundation, UNDP, NDI) တို့နဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခု အစည်းအဝေး ကျင်းပပြီးနောက် (၆. ၄. ၂၀၁၉)ရက်နေ့တွင် ရှမ်းပြည်နယ် စီမံကိန်းဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်းပြုလုပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်သူ့ဘဏ္ဍာရေးရာစီမံခန့်ခွဲမှုနှင့် ဒေသန္တရစီမံကိန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်နိုင်ရန် စီစဉ်ထားပြီး ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ အောက်ဖော်ပြပါ ဌာန/အဖွဲ့အစည်း၊ တစ်သီးပုဂ္ဂလ (၇)ခုမှ စုစုပေါင်း (၁၃၆)ဦး တက်ရောက်လေ့လာခဲ့ကြပါကြောင်းလည်း မှတ်တမ်းတင် ပြောကြားလိုပါတယ် -

| | | |
|---|---|---|
| (က) | ပြည်နယ်ဥပဒေချုပ်ရုံး | (၁၅) ဦး |
| (ခ) | ပြည်နယ်စည်ပင်သာယာရေးဌာန | (၄၆) ဦး |
| (ဂ) | တောင်ကြီးမြို့နယ်မှ လူငယ်မောင်မယ်များ | (၆၀) ဦး |
| (ဃ) | Gender Equality Network | (၂) ဦး |
| (င) | Golden Future Organization | (၆) ဦး |
| (စ) | Rule Of Law | (၆) ဦး |
| (ဆ) | အထက်တန်းရှေ့နေ | (၁) ဦး တို့ဖြစ်ပါတယ်။ |

နိဂုံးချုပ်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များဟာ ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲမထားရှိဘဲ လက်တွေ့ဘဝတွင် တိုင်းရင်းသား ပြည်သူများအား အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ဖို့အတွက် ဥပဒေအကာအကွယ်ကို ရရှိစေနိုင်ဖို့အတွက် ခေတ်စနစ်နှင့် အညီ ကိုက်ညီတဲ့ ဥပဒေတွေကို ပြဋ္ဌာန်းနိုင်ဖို့အတွက် အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါ့အပြင် လွှတ်တော်သက်တမ်း (၃)နှစ်ကျော်ကာလအတွင်း ရရှိခဲ့တဲ့ အတွေ့အကြုံကောင်းများကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီးတော့မှ အေးချမ်းသာယာဖွံ့ဖြိုးတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အတူတကွတည်ဆောက်နိုင်ကြပါစေကြောင်းနဲ့ လာမည့်မြန်မာ့ရိုးရာနှစ်ကူးအတာသင်္ကြန်မှာ ရေလိုအေးချမ်းပြီး မြန်မာသက္ကရာဇ် ၁၃၈၁ အခါသမယမှသည် တစ်နှစ်ပတ်လုံး အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

---

**ရှမ်းပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ရန် တာဝန်( Mission )**

ပြည်သူလူထု၏ လတ်တလောနှင့် ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေများ ရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းပြီးသော ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲပြဋ္ဌာန်းပြီးသော ဥပဒေများသည် ပြည်နယ်သူ/ပြည်နယ်သားများအတွက် အမှန်တကယ်အကျိုးစီးပွား ဖြစ်ထွန်းစေခြင်းရှိ/မရှိ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသော အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများအား ထိန်းညှိခြင်းနှင့် ပြည်သူ၏ဆန္ဒလိုအပ်ချက်များကို အမြန်ဆုံး အကောင်အထည်ဖော် ရေးအတွက် ပြည်သူများနှင့် အပြန်အလှန်ပိုမိုထိတွေ့ရင်းနှီးမှုများ ရရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ပြည်သူ့ဘဏ္ဍာရေးရာစီမံခန့်ခွဲမှုနှင့် ဒေသန္တရစီမံကိန်းများဆိုင်ရာ ဆွေးနွေးပွဲ အခမ်းအနားတက်ရောက်






ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် (၆. ၄. ၂၀၁၉)ရက်နေ့၊ နံနက်(၉)နာရီအချိန်တွင် တောင်ကြီးဟိုတယ်၌ ကျင်းပပြုလုပ်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် Unicef (တောင်ကြီးရုံး)တို့ ပူးပေါင်းကျင်းပသည့် ပြည်သူ့ဘဏ္ဍာရေးရာစီမံခန့်ခွဲမှုနှင့် ဒေသန္တရစီမံကိန်းများဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

---

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် တိုင်းဒေသကြီး/ပြည်နယ်အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ အခမ်းအနားတက်ရောက်




ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် (၂၂. ၅. ၂၀၁၉)ရက်နေ့၊ နံနက်(၉)နာရီအချိန်တွင် တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရေးရုံ၌ ကျင်းပပြုလုပ်သည့် တိုင်းဒေသကြီး/ပြည်နယ်အမျိုးသား၊ အမျိုးသမီး အသက်(၂၅)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်အား The World Bank မှ တာဝန်ရှိသူများလာရောက်တွေ့ဆုံ



ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် The World Bank မှ Ms. Julia.M Fraser (practice Manager) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား (၂၄. ၅. ၂၀၁၉) ရက်နေ့ (၁၄၀၀)နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော်၊ လွှတ်တော်ရေးရာကော်မတီအခန်း(၁)၌ တွေ့ဆုံခဲ့ပြီး ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာများတွင် NEP (National Electrification Project)နှင့် ပတ်သက်၍ ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ တောင်ကြီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သူရအောင်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး၊ ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များနှင့် အတူ UNDP မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

(၁. ၄. ၂၀၁၉)ရက်နေ့၊ နံနက်(၁၀)နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များနှင့် အတူ UNDP Parliamentary Development Team မှ Mr.Thomas Gregory (International Committee Specialist)ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရှမ်းပြည်နယ်လွှတ်တော်ရေးရာ ကော်မတီအစည်းအဝေးခန်း(၁)၌ တွေ့ဆုံ၍ အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးဥပဒေ ရေးဆွဲရာတွင် UNDPမှ ပံ့ပိုးကူညီဆောင်ရွက်ပေးရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။





ဆက်လက်၍ မွန်းလွဲ(၁)နာရီခွဲတွင် တောင်ကြီးမြို့၊ ရှမ်းပြည်နယ်လွှတ်တော်၊ သံလွင်ခန်းမ၌ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)၊ ရှမ်းပြည်နယ်သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)တို့ကို ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များ၊ သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

# ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ (၂၀၁၈-၂၀၁၉)ခု၊ ဘဏ္ဍာရေးနှစ် ထောက်ပံ့ကြေးငွေများပေးအပ်ခြင်း အခမ်းအနားကျင်းပ




(၃. ၅. ၂၀၁၉)ရက်နေ့၊ နံနက် (၉)နာရီခွဲတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် အတူ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ကျင်းပပြုလုပ်သော လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်အတွင်းရှိစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ထောက်ပံ့ကြေးငွေများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

---

# သစ်တောနည်းဥပဒေ(မူကြမ်း)အား ဆွေးနွေးခြင်းနှင့် အကြံပြုချက်များရယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



(၁၇. ၅. ၂၀၁၉)ရက်နေ့၊ နံနက် (၉)နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ &Sfjyn e, f pk&t zWi f0eB Dsm?jyn e, f q i Xmeq k&mr sm?jyn e, f v Wfaw mf u k pmv S f sm?NGO၊ INGOများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အတူ တောင်ကြီးမြို့ Royal Taunggyi ဟိုတယ်၌ ကျင်းပပြုလုပ်သော သစ်တောနည်းဥပဒေ(မူကြမ်း)အား ဆွေးနွေးခြင်းနှင့် အကြံပြုချက်များရယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။

# အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)အား ပြည်သူလူထုကြားနာပွဲကျင်းပရေးနှင့် ပတ်သက်၍ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် UNDPမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ



(၂၄. ၅. ၂၀၁၉)ရက်နေ့၊ မွန်းလွဲ(၁၃၀၀)နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)အား ပြည်သူလူထုကြားနာပွဲကျင်းပရေးနှင့် ပတ်သက်၍ UNDP မှ တာဝန်ရှိသူများနှင့် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံကာ လိုအပ်သည်များဆွေးနွေးခဲ့ပါသည်။

---

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂-၄-၂၀၁၉)ရက်နေ့နှင့် (၄-၂-၂၀၁၉)ရက်နေ့၊ နေ့လယ်(၁)နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော်၊ ရေးရာကော်မတီအခန်း(၆)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်(၁၂)ဦး တက်ရောက်ခဲ့ပြီး၊ ရှမ်းပြည်နယ်(အရှေ့)ပိုင်း ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်အတွင်းရှိ ရှန်ကျင်းလူမျိုး၊ အဲန်လူမျိုးနှင့် ကွီလူမျိုးများအကြောင်းကို ကွင်းဆင်းစိစစ်ခဲ့သည့်အကြောင်းအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ အစီရင်ခံစာရေးသားတင်ပြရန် ဆွေးနွေးတိုင်ပင်ကြပါသည်။

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၄. ၄. ၂၀၁၉)ရက်နေ့၊ နေ့လယ်(၂)နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီအခန်း(၇)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်(၅)ဦး တက်ရောက်ခဲ့ပြီး၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လေ့လာရေးခရီးစဉ် ဆောင်ရွက်မည့်စီမံချက်အား မူကြမ်းအနေဖြင့် ကော်မတီမှ စိစစ်ပြီး လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြဆောင်ရွက်သွားရန် ဆွေးနွေးတိုင်ပင်ကြပါသည်။

---

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂. ၄. ၂၀၁၉)မှ (၄. ၄. ၂၀၁၉) ရက်နေ့ထိ၊ မွန်းလွဲ(၂)နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ကျားခေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်(၆)ဦး၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး၊ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းအပေါ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီမှ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၄. ၄. ၂၀၁၉)ရက်နေ့၊ နေ့လယ်(၂)နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော်၊ ရေးရာကော်မတီအခန်း(၈)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်(၄)ဦး တက်ရောက်ကြပြီး၊ ကော်မတီသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသော အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရ၏ ဖြေကြားမှုတွင် ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များအပေါ် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်များကို စိစစ်နိုင်ရေးအတွက် ဆွေးနွေးတိုင်ပင်ကြပါသည်။

---

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာမြှင့်တင်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာမြှင့်တင်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၅. ၄. ၂၀၁၉)ရက်နေ့၊ မွန်းလွဲ(၃)နာရီ အချိန်တွင် ရှမ်းပြည်နယ်လွှတ်တော်၊ ရေးရာကော်မတီ အခန်း(၈)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်(၇)ဦး တက်ရောက်ခဲ့ပြီး၊ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာမြှင့်တင်မှုကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဆွေးနွေးတိုင်ပင်ကြပါသည်။

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်(ခ)ဦးစံလွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ခြင်း





ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်(ခ)ဦးစံလွင်သည် (၂. ၅. ၂၀၁၉)ရက်နေ့တွင် ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်စံပြကျေးရွာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သင်ကြားမည့် အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်း တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး၊ သင်တန်းပြီးစီးသွားပါက ဒေသတွင်းရှိအမျိုးသမီး (၇၀)ဦးအား သင်တန်းပို့ချပေးသွားနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။





(၁၃. ၅. ၂၀၁၉)ရက်နေ့တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်(ခ)ဦးစံလွင်သည် ဒေသဦးစီးအဖွဲ့ဝင်များနှင့် အတူ HDH, PNNH, Willian Sky ကုမ္ပဏီများမှ ဆောင်ရွက်လျက်ရှိသော ထမ်းယမ်း-နားခိုက်-ဝမ်းတီး ကျောက်ချောလမ်းနှင့် တံတားကြီးငယ်များ ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းအရည်အသွေး ပြည့်မီရေးနှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရန် လမ်းညွှန်မှာကြားခဲ့ပြီး၊ ဒေသခံများတင်ပြချက်အရ တည်ဆောက်ရန် လိုအပ်လျက်ရှိသည့် ပွန်ချောင်းတံတား တည်နေရာအားသွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်းသိရှိရပါသည်။

# ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ခြင်း



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် နောက်လွယ်-တဲဂီးမြေသားလမ်း(၃/၂)မိုင်ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေးစဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် နောက်လွယ်-တဲဂီးမြေသားလမ်း(၃/၂)မိုင်ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေးစဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် နမ့်ဆန်မြို့နယ် နောက်လွယ်-တဲဂီးမြေသားလမ်းပေါ်တွင် Box Culvert ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေးစဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် နမ့်ဆန်မြို့နယ် နောက်လွယ်-တဲဂီးမြေသားလမ်းပေါ်တွင် Box Culvert ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေးစဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နမ့်ဆန်မြို့နယ် ကောင်းစင်-အုံးမတက် မြေသားလမ်း ဖောက်လုပ်နေမှုအား ကွင်းဆင်းစစ်ဆေးစဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နမ့်ဆန်မြို့နယ် ကောင်းစင်-အုံးမတက် မြေသားလမ်း ဖောက်လုပ်နေမှုအား ကွင်းဆင်းစစ်ဆေးစဉ်

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ခြင်း



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်သည် (၂၀. ၄. ၂၀၁၉)ရက်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်၊ ဒေသဦးစီးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အတူ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ကျပ်(၃၂၀)သန်းဖြင့် လောက်ကိုင်မြို့တွင် ဆောင်ရွက်လျက်ရှိသည့် မိုးလုံလေလုံအားကစားခန်းမ တည်ဆောက်ရန် ပန္နက်ရိုက် အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်ရန် စီစဉ်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

(၂၆. ၄. ၂၀၁၉)ရက်နေ့တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ လာရောက်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အတူ ချင်းရွှေဟော်နယ်စပ်စီးပွားရေးဇုန် စီမံကိန်းနှင့် ချင်းရွှေဟော်မြို့ရှောင်လမ်း တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုခဲ့ပါသည်။

(၂၇. ၄. ၂၀၁၉)ရက်နေ့တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်သည် ချင်းရွှေဟော်မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရေထုတ်မြောင်းများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ချင်းရွှေဟော်မြို့ရှိ ထာဝရငြိမ်းချမ်းရေးမော်ကွန်းကျောက်တိုင်အနီး ကလေးကစားကွင်းနှင့် ပန်းခြံတည်ဆောက်နေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။



(၈. ၅. ၂၀၁၉)ရက်နေ့တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်သည် ဒေသဦးစီးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အတူ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကတ္တရာ(၁၅)တန်ထောက်ပံ့ပြီး ဒေသဦးစီးအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် လောက်ကိုင်-မန်ခါးလမ်း (၀/၅)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် လောက်ကိုင်-ချင်းရွှေဟော် လမ်းပိုင်း (၂၀/၄)မိုင်နှင့် (၂၁/၀)အကြား လမ်းဦးစီးဌာနနှင့် ဒေသဦးစီးအဖွဲ့အစီအစဉ်ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ပါသည်။

(၁၈. ၅. ၂၀၁၉)ရက်နေ့တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်သည် ဒေသဦးစီးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ လာရောက်သည့် ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နန်းရွှေစင်မြင့် ဦးဆောင်သည့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ရှမ်းပြည်နယ်ကုသရေးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော သားအိမ်ခေါင်းကင်ဆာအကြိုအဆင့် စမ်းသပ်ရှာဖွေကုသခြင်း လုပ်ငန်းဆောင်ရွက်မှုအား လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပြီး ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သို့ ရန်ပုံငွေ ကျပ်(၁၅၀)သိန်း လှူဒါန်းပေးအပ်ခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းဓါတ်ပုံများ



ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးသန်းထိုက်က ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် အတူ အောင်ပန်းမြို့နှင့် ကလောမြို့တွင်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစဉ်




ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးသန်းထိုက်က ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် အတူ အောင်ပန်းမြို့နှင့် ကလောမြို့တွင်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစဉ်



ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးခိုင်ညီညီကျော်က လူထုဗဟိုပြု ကျေးရွာတွင်းကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားနေစဉ်



ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးခိုင်ညီညီကျော်က ရပ်စောက်မြို့နယ် ဝန်စိုကျေးရွာလူထုများနှင့် တွေ့ဆုံပွဲ အခမ်းအနားတွင် အမှတ်တရစုပေါင်းဓါတ်ပုံရိုက်ကူးစဉ်




မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးမင်းမင်းသိန်းက မဘိမ်းမြို့နယ်၊ ဗန်းမော်၊ နဘား မဟာဓါတ်အားလိုင်းတည်ဆောက်စဉ် ထိခိုက်ပျက်စီး သွားသော နှစ်ရှည်သီးနှံပင်များအတွက် ဒေသခံတောင်သူများအား လျော်ကြေးပေးအပ်ခြင်း အခမ်းအနားတက်ရောက်စဉ်



မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးမင်းမင်းသိန်းက မဘိမ်းမြို့နယ်၊ ငါးအိုး၊ နန်းနွဲ့၊ ပြချောင်း၊ ဥယျာဉ်ပု၊ ကွန်တော ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးစဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းဓါတ်ပုံများ



ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးညီညီ(ခ)ဦးညီလေးချမ်းက ကလောမြို့သို့ လေ့လာရေးလာရောက်ကြသော လူရည်ချွန်မောင်မယ်များအား ကြိုဆိုနှုတ်ဆက်စကားပြောကြားစဉ်



ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးညီညီ(ခ)ဦးညီလေးချမ်းက ကလောမြို့သို့ လေ့လာရေးလာရောက်ကြသော လူရည်ချွန်မောင်မယ်များအား အမှတ်တရလက်ဆောင်ပေးအပ်စဉ်



နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးလင်းအောင်ဆွေက နမ့်စန်မြို့၊ မြို့လယ်ဓမ္မာရုံတွင် ကျင်းပပြုလုပ်သည့် သက်ကြီးပူဇော်ပွဲ အခမ်းအနားတွင် ဘိုးဘွားများအား ပူဇော်ကန်တော့စဉ်



နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးလင်းအောင်ဆွေက နမ့်စန်မြို့နယ်၊ ခန်းမရှေ့၌ ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုတ်ဆောင်းပါ အစီအစဉ်တွင် ပြည်သူလူထုနှင့် အတူ ပူးပေါင်းပါဝင်ဆောင်ရွက်နေစဉ်




ရွှာင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးအေးမင်းစိုးက ရွှာင်မြို့နယ်အတွင်းရှိ ရွှေသံလွင်ကုမ္ပဏီမှ သိမ်းဆည်းမြေအငြင်းပွားမှု ကိစ္စနှင့် ပတ်သက်၍သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးနေစဉ်




ရွှာင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးအေးမင်းစိုးက ရွှာင်မြို့နယ်အတွင်းရှိ ရွှေသံလွင်ကုမ္ပဏီမှ သိမ်းဆည်းမြေအငြင်းပွားမှု ကိစ္စနှင့် ပတ်သက်၍သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးနေစဉ်

ထုတ်ဝေသူ-ဦးလှမျိုး၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ထုတ်ဝေသည့်စောင်ရေ (၂၅၀)